မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၈၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

တရုတ်နိုင်ငံ စီးပွားကူးသန်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားကူးသန်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Chen Jian ခေါင်းဆောင်သည့်အဖွဲ့အား ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာ၌ ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးတင်နိုင်သိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဝင်းသန်း၊ *စာမျက်နှာ ၃ ကော်လံ ၄* ■

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

တာချီလိတ်မြို့နယ်နှင့် တာလေမြို့တို့ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက် ငလျင်ဒဏ်သင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် *စာမျက်နှာ ၇ ကော်လံ ၁* ●

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျကူနီကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဧပြီ ၄ ရက်)

မီးသုံးစွဲလျှင် သတိယှဉ်၊ အစဉ်သတိ အမြဲရှိ

"မီးသုံးစွဲလျှင် သတိယှဉ်၊ အစဉ်သတိအမြဲရှိ" မီးသတိပေးဆောင်ပုဒ်အရ ပြည်သူတိုင်းသည် မီးဘေးကြိုတင်ကာကွယ်မှုများကို အစဉ်မပြတ် ဆောင်ရွက်ထားရှိကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများတွင် မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများသည် အများဆုံးဖြစ်သည်။

သက်ဆိုင်ရာက မီးဘေးကြိုတင်သတိပေးမှုများထုတ်ပြန်ကာ ပြည်သူများအား သတိပေးလျက်ရှိသည်။ ပြည်သူများအပိုင်းကလည်း အဆိုပါသတိပေးမှုများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ်မှ ကင်းဝေးမည်ဖြစ်သည်။ မီးလောင်မှုလျော့နည်းရန်အတွက် မီးသုံးစွဲသည့်အခါ လူစောင့်ရှိရန်၊ မီးဖိုအနီးတွင် လောင်စာနှင့်လောင်စာဆီများ မထားရန်၊ မီးဖိုမီးများကို မြေကျင်းတူး၍ စနစ်တကျ အသုံးပြုရန်၊ ကလေးများကို မီးမဆော့စေရန်၊ မီးခွက်၊ မီးအိမ်၊ ဖယောင်းတိုင်မီးများကို ထရံနှင့် ခြင်ထောင်အနီးတွင် မထွန်းညှိရန်တို့ကို သတိပြုဆင်ခြင်လိုက်နာကြရမည်ဖြစ်သည်။

မီးလောင်ကျွမ်းခဲ့ရသည့် အကြောင်းအရင်းအမျိုးမျိုးရှိသည့်အနက် မီးဖိုမှစ၍ လောင်ခြင်း၊ လျှပ်စစ်ကြောင့် လောင်ကျွမ်းခြင်း၊ အလိုအလျောက် လောင်ကျွမ်းခြင်းတို့ အများဆုံးဖြစ်ပွားပြီး ပေါ့ဆမှုကြောင့် လောင်ကျွမ်းခြင်းသည် ပိုမိုများပြားခဲ့ရသည်။

မီးလောင်မှုဖြစ်ပွားခဲ့ရသည်မှာ ပေါ့ဆမှုကြောင့်လောင်ကျွမ်းခြင်း အများဆုံးဖြစ်ရသဖြင့် မီးသုံးစွဲမှုကို စနစ်တကျ သုံးစွဲကြရမည်ဖြစ်သည်။ မီးဘေးအန္တရာယ်ကင်းဝေးရန် အိမ်တိုင်းတွင် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများ အရန်သင့်ထားရှိရမည်ဖြစ်ပြီး ရုံးဌာနဆိုင်ရာ အဆောက်အအုံများတွင် မီးသတ်ဆေးဘူးများ စနစ်တကျထားရှိရမည်ဖြစ်သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် မြန်သုံးမြန်ဆိုသည့်နည်းဖြင့် မီးလောင်မှုကို အမြန်ဆုံးသိရန် ဆောင်ရွက်ခြင်း၊ မီးလောင်သည့်နေရာသို့ အမြန်ဆုံးသွားခြင်းနှင့် မီးကို အမြန်ဆုံး ငြိမ်းရန်ငြိမ်းသတ်ခြင်းတို့ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။ ပြည်သူများကို ပညာပေးမှု၊ သတိပေးမှုများ ပိုမိုဆောင်ရွက်လျက်ရှိရာ ပြည်သူများအပိုင်းကလည်း ပညာပေးမှု၊ သတိပေးမှုများကို ဝိုင်းဝန်းလိုက်နာ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာပစ္စည်းများ၊ နိုင်ငံတော်၏ ဘဏ္ဍာငွေများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး၊ မြို့ရွာ စည်ပင်သန့်ရှင်းသာယာရေးအတွက် ပြည်သူများအားလုံး မီးကိုစနစ်တကျ သုံးစွဲကြပြီး "မီးသုံးစွဲလျှင် သတိယှဉ်၊ အစဉ်သတိအမြဲရှိ" ဆောင်ပုဒ်အရ မီးဘေးအန္တရာယ်မဖြစ်ပေါ်ရေးအတွက် သတိပြုကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်္ဂလာဒုံတပ်နယ် ဆေးရုံတက်လူနာများအား

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ကြည့်ရှုထောက်ပံ့

နေပြည်တော် ဧပြီ ၃

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် မတ် ၃၁ ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် ခန်းမ၌ ကျင်းပသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော် ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား စားသောက်ဖွယ်ရာများပေးအပ်ကာ ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဧပြီ ၁ ရက်က အင်းတိုင်တပ်နယ် နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားတွေ့ဆုံ၍ မိသားစုဝင်များအတွက် အဝတ်အထည်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာကေတ စာပေစာနယ်ဇင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ သာကေတမြို့နယ်၏ ၂၀၁၀ ခုနှစ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို မတ် ၆ရက် မွန်းလွဲ ၁ နာရီက သာကေတမြို့နယ်(၆) အနောက်ရပ်ကွက်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းက အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ မြို့မိမြို့ဖအဖွဲ့ ဥက္ကဋ္ဌ ဦးထိန်ဝင်းက ဂုဏ်ပြုစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မင်းရိုးယဉ် (ဦးအောင်မင်း)က အဖွဲ့၏လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)မှ ရွှေစွန်ညို(ဦးခင်ဆွေ)က ဂုဏ်ပြုအမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ပေးအပ်

ထို့နောက် ၂၀၁၀ ခုနှစ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတွင်းရေးမှူး မော်ဝန်း ကြည်မြတ် (ဦးကြည်စိန်)က ဖတ်ကြားတင်ပြပြီး စာပေပညာရှင် ၁၂ ဦးတို့အား အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း ကန်တော့ခဲ့ကြကြောင်း သိရှိရသည်။ (၁၁၆)

အလုံမြို့နယ် မီးရထားအရာရှိအိမ်ရာ အခန်း(၁၉)နေ ဦးတင်ထွန်းအားရည်စူး၍ ဒေါ်စိုးစိုးအောင်မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေက လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား လှည်းကူးမြို့နယ်၌ ကျင်းပ

လှည်းကူး ဧပြီ ၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် တီဘီရောဂါတိုက်ဖျက်ရေး ဆိုင်းဘုတ်တင်ခြင်း၊ တီဘီရောဂါဝေဒနာရှင်များအား လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း အခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၉ နာရီက လှည်းကူးမြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးအောင်က တီဘီရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းနှင့် တီဘီရောဂါအကြောင်း ဆွေးနွေးဟောပြောသည်။

ပေးအပ်

ထို့နောက် တီဘီရောဂါဝေဒနာရှင်များအား မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများပေးအပ်ပြီး(အပေါ်ပုံ) တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ ဆိုင်းဘုတ်ကိုတင်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မြန်ပြည်တစ်ခွင်
သာစေချင်
မီးတွင် မပေါ့နှင့်

ရပ်စောက်မြို့ သာယာလှပရေးအတွက် မြို့အဝင်ဆိုင်းဘုတ်တွင် စတီးလ်လက်ရန်းများ တပ်ဆင်ထားရှိမှုနှင့် ပန်းအလှပင်များ စိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးသောင်းညွှန့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

4-4 (02).pmd 1 4/4/2011, 3:18 AM

■ *ရှေ့ဖုံးမှ*

နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားကူးသန်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Chen Jian ခေါင်းဆောင်သောအဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၄-၄-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၈။ အတီးပြိုင်ပွဲ
- ၈:၂၀ ၉။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ ခါသင့်ကြန်အဆိုအကများ

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၀ ၃။ နားဝင်ပီယံသူ့လက်သံ
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၆။ တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅:၀၅ ၇။ ခါသင့်ကြန်အဆိုအကများ
- ၅:၂၀ ၈။ **စိမ်းလန်းပါစေ ဤကမ္ဘာမြေ**
- ၅:၃၀ ၉။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ **ဆိုကြမယ်၊ ပျော်ကြမယ်**
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၂၁)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ကမ္ဘာကျော်သရုပ်ဆောင်များ**
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၁၆)
- ၁၉။ အစီအစဉ်ပြီး၏။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားကူးသန်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Chen Jian အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့၌ ချစ်ကြည်ရေးခရီးလည်ပတ်ကြပြီး နေပြည်တော်သို့ထွက်ခွာ

နေပြည်တော် ဧပြီ ၃

မန္တလေးမြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ၊ မန္တလေးမြို့ တရုတ်ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် Mr. Tang Ying နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် မန္တလေးတောင်တော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့က ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အရှေ့ဘက်အာရုံခံတန်ဆောင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ဆုတောင်းပြည့်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူ၍ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့၏ရှုခင်းကို တောင်တော်ပေါ်မှ ကြည့်ရှုကြသည်။

ထို့နောက် မစ္စတာကျာချင့်လင်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကပ်လှူ

ထိုမှတစ်ဆင့် မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားသို့ သွားရောက်ကြပြီး တောင်ဘက် အာရုံခံတန်ဆောင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူ၍ ဖူးမြော်ကြည်ညိုကြသည်။

ပြန်လည်ပေးအပ်

ယင်းနောက် မစ္စတာကျာချင့်လင်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် မွန်းလွဲပိုင်းတွင် မန္တလေးမြို့မှ နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပြည်သူ့လွှတ်တော်ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ တရုတ်ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့၏ ရှုခင်းကို တောင်တော်ပေါ်မှ ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

❖ *ကျောဖုံးမှ*

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် သံရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ယင်းနောက် မစ္စတာကျာချင့်လင် ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြတိုက်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ပြတိုက်ဧည့်ခန်းမ၌ ပြတိုက်မှတ်တမ်းဗီဒီယိုဆလိုက်ကို ကြည့်ရှု၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်အား ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ဦး နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း

၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအားဂုဏ်ပြုပွဲတက်ရောက်၍ ဂုဏ်ပြုဆုငွေများချီးမြှင့်

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အခမ်းအနားသို့ တက်ရောက်လာကြသော ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၃

၂၀၀၉ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဌာနချုပ်ဝင်းအတွင်းရှိ ဗဟိုရုပ်ရှင်အစည်းအရုံး ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးတို့မှ နာယကများ၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်း ''အတိတ်၏အရိပ်'' ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်အသံဆုရရှိသည့် ဆန်းဦးနှင့်အဖွဲ့အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက **ကျောက်စက်ရေ** ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုရရှိသည့် ဇော်မင်း (ဟံသာမြေ)၊ **အတိတ်၏အရိပ်** ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်အသံဆုရရှိသည့် ဆန်းဦးနှင့်အဖွဲ့၊ **ဇော်ကကနေသည်** ဇာတ်ကားဖြင့် အကောင်းဆုံး တေးဂီတဆုရရှိသည့် မီရာမိုရ်၊ **အတိတ်၏အရိပ်** ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံ ဆုရရှိသည့် ကိုကိုငွေးနှင့်အဖွဲ့၊ **ကြိုးကြာတောင်ပံခတ်သံ** ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု ရရှိသည့် စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေး၊ **မိုးညအိပ်မက်မြူ** ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရရှိသည့် စိုးပြည့်သဇင်၊ **မိုးညအိပ်မက်မြူ** ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု ရရှိသည့် နေတိုးနှင့် **ဇော်ကကနေသည်** ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆုရရှိသည့် ဒါရိုက်တာမီးပွားတို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဂုဏ်ပြုချီးမြှင့်ခံရသူများကိုယ်စား အကယ်ဒမီ ဒါရိုက်တာမီးပွားက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းက အခမ်းအနားသို့ တက်ရောက်လာကြသော ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ချီးမြှင့်

ယနေ့အခမ်းအနားတွင် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိကြသူများအား တစ်ဦးလျှင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ငွေကျပ်သုံးသိန်းစီ၊ မင်္ဂလာ ရုပ်ရှင်ကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်မင်းက ငွေကျပ်နှစ်သိန်းစီ၊ စူပါကော်ဖီမစ်က ငွေကျပ်နှစ်သိန်းစီ စုစုပေါင်းငွေကျပ် ခုနစ်သိန်းစီနှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်က SKY NET Receiver တစ်လုံးစီကို ချီးမြှင့်ကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ''အတိတ်၏အရိပ်''ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရရှိသည့် ကိုကိုငွေးနှင့်အဖွဲ့အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ''ဇော်ကကနေသည်'' ဇာတ်ကားဖြင့် အကောင်းဆုံးတေးဂီတဆုရရှိသည့် မီရာမိုရ်အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

4-4 (04).pmd 1 4/4/2011, 3:18 AM

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင် စစ်တွေမြို့ကန်တော်ကြီး ရေပေးဝေရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လိုက်ပါလျက် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ကန်တော်ကြီးသို့ ရောက်ရှိပြီး စစ်တွေမြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေ ပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆတ်ရိုးကျချောင်းပိတ် ကန်ပိုင်ချောင်း ရေလှောင်တမံသို့ ရောက်ရှိပြီး ကန်ပိုင်ချောင်းရေလှောင်တမံမှ စစ်တွေမြို့ပေါ်ရှိ လမ်းမတော်မြောက်၊ လမ်းမတော်တောင်၊ ဆင်ကူးလမ်း၊ ရွှေပြားရပ်ကွက်များသို့ ရေပေးဝေနိုင်ရန် ရေသွယ်ပိုက်လိုင်းများ တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေမင်းဂံဆိပ်ခံတံတား၌ တံတားကြံ့ခိုင်မှု၊ မင်းဂံချောင်း သဲသောင်တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စစ်တွေမြို့ လမ်းမတော်တောင်ရပ်ကွက်ရှိ ရေတွန်းစက်ရုံ အမှတ်(၃)ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးဖောင်ဒေးရှင်းနှင့် အဲပုဂံဝန်ထမ်းများ ငလျင်ဒဏ်သင့်ပြည်သူများအား အလှူငွေနှင့် ဆေးဝါးများ လှူဒါန်း

ရန်ကုန် ဧပြီ ၃

တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲ ငလျင်ဒဏ်သင့် ပြည်သူများအတွက် ထူးဖောင်ဒေးရှင်းနှင့် Air Bagan Ltd. တို့မှ ဝန်ထမ်းများသည် မတ် ၂၇ ရက်က တာလေမြို့သို့ သွားရောက်၍ တာလေမြို့ မိုင်းလင်းရွာနှင့် မိုင်းကိုးကျေးရွာအုပ်စု ကျကူနီရွာများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၂၀၀ နှင့် ကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ဆေးဝါး ပစ္စည်းမျိုးစုံတို့ကို လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့အပြင် ဂျပန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ငလျင်နှင့် ဆူနာမီဒဏ်ခံ ဂျပန်နိုင်ငံသားများအတွက်လည်း ထူးဖောင်ဒေးရှင်းက အမေရိကန်ဒေါ်လာ နှစ်သောင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ သွားရောက်လှူဒါန်းခဲ့သည်။

ပါဝင်လှူဒါန်း

ထူးဖောင်ဒေးရှင်းသည် ၂၀၀၈ ခုနှစ် မေလကဖြစ်ပေါ်ခဲ့သော နာဂစ်မုန်တိုင်း ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ပြီး အရေးပေါ်အခြေအနေများတွင် လိုအပ်သည်များ ထောက်ပံ့ရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာ အမက ကံသစ်ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို မတ် ၁၆ ရက်က အဆိုပါကျောင်း၌ကျင်းပရာ ကန်တော့ခံဆရာ ဆရာမကြီး ၁၀ဦး တက်ရောက်ပြီး ကျောင်းသားဟောင်း ဦးမောင်မောင်မြင့်အောင်ကြီးဆို နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၄-၄-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၂၀	၅။	ဓမ္မပူဇာတေး
၇:၂၅	၆။	မျိုးချစ်တပ်မတော်
၇:၃၀	၇။	မြန်မာ့ရှုခင်း
၇:၃၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၉။	ခါသကြိန်အဆို အကများ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၀	၅။	မျိုးချစ်တပ်မတော်
၄:၁၅	၆။	စိုက်ပျိုးသုတ
၄:၃၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၈။	ဗွီစီဒီကျော်ကြားတေး
၄:၅၅	၉။	မီးသတိပေးနှိုးဆော်ချက်
၅:၁၀	၁၀။	ခါသကြိန်အဆိုအကများ
၅:၃၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၂၉)
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၄။	သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း -၂၅)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	Talk Of The Town
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း -၂၀) (ဇာတ်သိမ်း)
	၂၅။	**Mini Series**

မြန်မာ့အလင်း **အားကစားဖောင်ပိတ်သတင်း**

မန်စီးတီးတို့ အိမ်ကွင်း၌ ဂိုးမိုးရွာ အမှတ်ပေးဇယား တတိယနေရာ တက်လာ

➤➤➤➤ မြင့်မောင်စိုး ရေးသားသည် ➤➤➤➤

မန်စီးတီးအတွက် တတိယအနိုင်ဂိုးကို ဒေးဗစ်ဆေးလ်ဗားက ဤသို့ သွင်းယူခဲ့သည်။ *(အင်တာနက်ဓာတ်ပုံ)*

လန်ဒန် ဧပြီ ၃

ပရီမီယာလိဂ်ပွဲစဉ် (၃၁) လက်ကျန်ပွဲများကို ဧပြီ ၃ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အစောပိုင်းပြိုင်ပွဲတွင် ဖူလ်ဟမ်က အိမ်ကွင်း၌ ဘလက်ပူးလ်အသင်းကို သုံးဂိုး ဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။

ပွဲစသည်နှင့် ဖူလ်ဟမ်အသင်းကစားသမားများက ကြမ်းကြမ်းတမ်းတမ်းကစားခဲ့ရာ ပွဲချိန် ၂၃ မိနစ်တွင် တိုက်စစ်မှူး ဇာမိုရာက ဘလက်ပူးလ်ဂိုးဧရိယာအတွင်းမှ လှလှပပ အဖွင့်ဂိုးသွင်းယူပေးလိုက်သည်။

ဖူလ်ဟမ်အသင်း၏ ဒုတိယအနိုင်ဂိုးကို တိုက်စစ်မှူး ဇာမိုရာကပင် ပွဲချိန် ၂၈ မိနစ်တွင် ခေါင်းတိုက်ဂိုးဖြင့် သွင်းယူခဲ့သည်။ ဘလက်ပူးလ်တို့ ချေပဂိုးရရှိရေး အကြိတ်အနယ်တန်ပြန်ထိုးဖောက်ကစားခဲ့ကြသည်။ သို့သော် ဖူလ်ဟမ် နောက်တန်းခံစစ်မှူးများကို မကျော်နိုင်ခဲ့ပေ။ ဖူလ်ဟမ်တို့ တိုက်စစ်အရှိန်မြင့် ကစားခဲ့ရာ ပွဲချိန် ၇၂ မိနစ်တွင် အီသူဟူက ဖူလ်ဟမ်အတွက် တတိယအနိုင်ဂိုး သွင်းယူခဲ့ပြန်သည်။ ဘလက်ပူးလ်တို့ တန်းဆင်းဇုန်မှ လွတ်မြောက်ရေး အကြိတ်အနယ်ကြိုးစားခဲ့သော်လည်း ပွဲပြီးသည်အထိ ချေပဂိုးတစ်ဂိုးမျှ မသွင်းနိုင်ဘဲ ရှုံးနိမ့်ခဲ့သည်။

မန်စီးတီးအိမ်ကွင်း

မန်စီးတီးအသင်းက အိမ်ကွင်းတွင် ဆန်းဒါးလန်းအသင်းကို လက်ခံကစားခဲ့သည်။ မန်စီးတီးတို့ အိမ်ကွင်း ပရိသတ်ရှေ့မှောက်တွင် ဆန်းဒါးလန်းကို ပွဲစသည်နှင့် ခြေစွမ်းပြကစားခဲ့သည်။ ပွဲချိန် ၉ မိနစ်အတွင်းမှာပင် ဆေးလ်ဗားက မန်စီးတီးအတွက် ဖွင့်ဆော်ဦး ဂိုးသွင်းနိုင်ခဲ့သည်။ မန်စီးတီးအတွက် ဒုတိယဂိုးကိုတော့ မန်စီးတီး၏ အဓိကတိုက်စစ်မှူး တီဗက်ဇ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူသွားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း မန်စီးတီးတို့ တစ်ချိန်လုံး ဆန်းဒါးလန်းနောက်တန်းကို ဖိကစားခဲ့ရာ ပွဲချိန် ၆၃ မိနစ်၌ ဒေးဗစ်ဆေးလ်ဗားက တစ်ဂိုး၊ ၆၇ မိနစ်တွင် ဗီအဲရာကတစ်ဂိုးနှင့် ၇၃ မိနစ်တွင် တိုရေးကတစ်ဂိုး ထပ်မံသွင်းယူခဲ့သဖြင့် မန်စီးတီးတို့ ငါးဂိုးပြတ်အနိုင်ရပြီး အမှတ်ပေးဇယား တတိယနေရာသို့ တက်လာသည်။

ပွဲစဉ် (၃၁)အပြီးတွင် ပရီမီယာလိဂ်အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲစဉ်	ရမှတ်
၁။	မန်ယူ	၃၁	၆၆
၂။	အာဆင်နယ်	၃၀	၅၉
၃။	မန်စီးတီး	၃၁	၅၆
၄။	ချယ်လ်ဆီး	၃၀	၅၅
၅။	စပါး	၃၀	၅၀
၆။	လီဗာပူး	၃၁	၄၅
၇။	အဲဗာတန်	၃၁	၄၁
၈။	ဘော်လ်တန်	၃၁	၄၀
၉။	နယူးကာဆယ်	၃၁	၃၉
၁၀။	ဖူလ်ဟမ်	၃၁	၃၈

(အင်တာနက်)

အောက်ပိုင်းဒေသများ ကွက်ကျားမိုးရွာဖွယ်

နေပြည်တော် ဧပြီ ၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ အောင်လံမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သံတွဲမြို့တွင် ၀ ဒသမ ၃၉ လက်မနှင့် ကော့သောင်းမြို့တွင် ၀ ဒသမ ၂၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

ဧပြီ ၄ ရက်ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရာ ရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

အဘူဒါဘီ ဧပြီ ၃

ယူအေအီးနိုင်ငံတွင် ဧပြီ ၂ ရက်က မြူနှင်းများ ထူထပ်စွာကျဆင်းခဲ့သဖြင့် မော်တော်ယာဉ် အများအပြား အစုအပြုံလိုက်တိုက်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ၆၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဖြစ်စဉ်မှာ ဒူဘိုင်းနှင့် အဘူဒါဘီမြို့အကြား အဝေးပြေးလမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မော်တော်ယာဉ် ၁၂၇ စီး အစုအပြုံလိုက် တိုက်မှုဖြစ်ပွားခဲ့သည့်အပြင် မီးလောင်မှုများလည်း ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ယင်းယာဉ်တိုက်မှုတွင် ဘတ်စ်ကားများနှင့် ကားမျိုးစုံ ပါဝင်ပြီး ၄င်းယာဉ်တိုက်မှု ယာဉ်တန်းကြီးမှာ ကိုက်၅၀၀ ကျော်ရှည်ကြောင်း အဘူဒါဘီ ရဲတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။ ၄င်းအဝေးပြေးလမ်းမကြီးသည် ယူအေအီးနိုင်ငံ၏ မြို့ကြီးနှစ်မြို့ဖြစ်သည့် ဒူဘိုင်းနှင့် အဘူဒါဘီမြို့အကြား ယာဉ်သွားလာမှုထူပြောရာ လမ်းမကြီးဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် နာရီအတန်ကြာ လမ်းပိတ်ထားရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

(၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော တက်ရောက်

နေပြည်တော် ဧပြီ ၃

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် မတ် ၂၇ရက်က တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပသော (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဂုဏ်ပြုတပ်ဖွဲ့ဝင်များသည် နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြု၍ သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးက (၆၆)နှစ်မြောက် တပ်မတော်နေ့ အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသော အရာရှိ၊ စစ်သည်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချီးကျူးဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်ရရှိခဲ့သော အငြိမ်းစားစစ်သည်တစ်ဦးအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၂၄ ရက်မှ ၂၇ရက်အထိ ကျင်းပခဲ့သည့် Yangon Lifestyle Furniture(2011) ပြပွဲတွင် ပါဝင်ခင်းကျင်းပြသသော အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအား ဂုဏ်ပြုဆုနှင့် ပြခန်းဆုများ ပေးအပ်ပွဲကို မတ် ၂၇ရက်က တပ်မတော်ခန်းမ၌ ကျင်းပရာ Award of Hornour ဂုဏ်ပြုဆုရရှိသည့် မြန်မာ့သစ်လုပ်ငန်းကို မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌက ဆုချီးမြှင့်စဉ်။
(မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း)

မြန်မာ့ယဉ်ကျေးမှုသကြီန်

- ✱ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ✱ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့ရှိသူ	-	ထောင်(၁)နှစ်
၂။	ကစားသူ	-	ထောင်(၃)နှစ်
၃။	ထုတ်လုပ်ရောင်းချသူ	-	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီး
မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

Honeywell Air Cooler အသစ်များ ရောင်းချ

ရန်ကုန် ဧပြီ ၃

၁၉၉၃ ခုနှစ်မှစ၍ Monarch Company Limited မှ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် မလေးရှားနိုင်ငံမှ KHIND အမှတ်တံဆိပ်နှင့် ဩစတြေးလျနိုင်ငံမှ MISTRAL အမှတ်တံဆိပ် Electrical Home Appliance များကို ဖြန့်ချိလျက်ရှိသည်။ ယခုတစ်ဖန် အမေရိကန်နိုင်ငံတွင် အကျော်ကြားဆုံး တံဆိပ်ဖြစ်သည့် Honeywell Climate Control Evaporative (ရေငွေ့ပျံစနစ်သစ်) Air Cooler များနှင့် အိန္ဒိယနိုင်ငံမှ Khaitan တံဆိပ် Ceiling Fan ဒီဇိုင်းမျိုးစုံကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် စတင်ဖြန့်ချိလိုက်သည်။

အသုံးပြုနိုင်

Honeywell Air Cooler (CL 60 PM) သည် Honey Comb Filter ပါရှိပြီး (Pressure Pump) စနစ်သစ် သုံးထားသည့်အတွက် ရိုးရိုးရေ၊ ရေခဲ၊ ရေခဲရေ၊ ရေခဲခြောက် စသည်တို့ကို အသုံးပြုနိုင်သည်။ ယခုထပ်မံရောက်ရှိလာသော ဩစတြေးလျနိုင်ငံမှ MISTRAL အမှတ်တံဆိပ်မှာ ရေငါးလီတာဝင်ဆံ့ပြီး လေသန့်စင်စနစ်ပါရှိသည့် Digital Mist Fan (Water Spray Fan) ရေမှုန်လွှတ်သော ပန်ကာနှင့် Audio Buddy Fan ဟုခေါ်သော MP3 (Player Jack), SD Jack, USB တို့နှင့် တွဲသုံးနိုင်သော Loud Speaker ပါရှိသည်။

ဝယ်ယူနိုင်

နိုင်ငံတစ်ဝန်းရှိ စိန်ဂေဟာ၊ Capital၊ United Living Mall၊ Super One၊ Ocean၊ City Mart အစရှိသည့် ဆိုင်များအပြင် အရောင်းကိုယ်စားလှယ် ၂၅၀တို့ထံတွင်လည်း ဝယ်ယူရရှိနိုင်သည်။ လက်လီ လက်ကား ဝယ်ယူလိုပါက MACO Electronic (KHIND Digital World) Showroomအမှတ် [၂၀၄] မြေညီထပ် စက်ရုံလမ်း(MOBဘဏ်ဘေး) မင်္ဂလာဈေးအနီး တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၅၃၃၀၊ ၀၁-၉၀၀၀၀၀၇ နှင့် မန္တလေးမြို့ရုံးခွဲ KHIND Electro World အမှတ် [၁၃၄] ၂၆ လမ်း (၈၃×၈၄)လမ်းကြား အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၃၆၇၂၀ နှင့် ၀၉-၇၃၀၅၀၀၁၃တို့တွင် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

Concordia Int'L Co., Ltd. ကုန်ပစ္စည်းမိတ်ဆက်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၃

Concordia Int'L Co., Ltd. မှ မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိသော ဂျာမနီနိုင်ငံလုပ် Tensoval Duo Control သွေးပေါင်ချိန်တိုင်းစက် မိတ်ဆက်ပွဲကို ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီမှ ညနေ၃ နာရီအထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ်ရှိ Trader Hotel (ကုန်းဘောင် တကောင်းခန်းမ Level-II) ၌ ကျင်းပမည်ဖြစ်သည်။

ရှင်းလင်းပြောကြား

အဆိုပါ Tensoval Duo Control ပစ္စည်းသစ် မိတ်ဆက်ပွဲ၌ ဆေးပညာနှင့်ပတ်သက်သော ပညာပေးအစီအစဉ်ဖြစ်သည့် အိမ်တွင်းသွေးပေါင်ချိန်ခြင်းနှင့် နှလုံးရောဂါအကြောင်းကို နှလုံးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာတင်လတ်က ဟောပြောဆွေးနွေးမည်ဖြစ်ပြီး နည်းပညာအသစ်ဖြင့် ပြုလုပ်ထားသော Tensoval Duo Control အကြောင်းကို Germany နိုင်ငံအခြေစိုက် Paul Hartmann Company ၏ Sale Director Mr. Zhian Zhou က ရှင်းလင်းပြောကြားမည်ဖြစ်သည်။

ဝယ်ယူနိုင်

ကုန်ပစ္စည်းမိတ်ဆက်ပွဲသို့ မည်သူမဆို စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်နိုင်ပြီး ဆက်သွယ်မေးမြန်းဝယ်ယူလိုပါက Concordia Int'L Co., Ltd. ရန်ကုန်မြို့ ၃/၅ လွှာ ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ဖုန်း- ၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ဖက်စ်-ဖုန်း- ၅၄၄၁၉၉၊ Hotline ဖုန်း- ၀၁- ၇၃၀၀၉၂၂၃နှင့် မန္တလေးမြို့ အမှတ် (၅) မြေညီထပ် SY တိုက်တန်း (လမ်း ၃၀×၇၇လမ်းနှင့် ၇၈လမ်းကြား) ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊၆၉၃၀၃၊ Hotline ဖုန်း-၀၂-၉၁၀၀၁၉၆၅နှင့် နေပြည်တော်တွင် အမှတ်(၁၄၄) သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း- ၀၆၇-၄၂၀ ၈၁၉၊ ၄၂၁၃၆၂၊ Hotline ဖုန်း-၀၉-၄၉၂၀၀၉၅၁ တို့ထံသို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီမော့ဆိုမြို့နယ်မှ ဒေါတမငယ်ရပ်ကွက် ရေပေးရေးလုပ်ငန်းဖွင့်ပွဲကို ဒီမော့ဆိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်စိုးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်၌ မှုခင်းကျဆင်းရေးဟောပြောပွဲကို မတ် ၂၄ ရက်က ရပ်ကွက်အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်သိန်း ဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)

မိုး သတိပြု

ရှင်းလင်းတင်ပြ

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း မတ် ၁၁ ရက်က ယင်းမာပင်မြို့ အတွင်းရှိ နှစ်လက်မ × ပေ၇၀၀ ရေလျှံတွင်း တူးဖော်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စိုး ရှင်းလင်းတင်ပြစဉ်။
(မြို့နယ် ပြန်/ဆက်)

အမှာစကား ပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာလေမြို့ ကယ်ဆယ်ရေးစခန်း၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

တိုင်းရင်းသားလုပ်ငန်းရှင်များလိုက်ပါလျက် ဧပြီ ၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး ရှမ်းပြည်နယ် ဟဲဟိုးမြို့ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

နှုတ်ဆက်

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်မြတ် (ခ) ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဟဲဟိုးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ လိုက်ပါလျက် နံနက် ၁၁ နာရီတွင် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ တာချီလိတ်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် တာချီလိတ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ငလျင်ဒဏ်သင့်လူနာများအား ဒဏ်ရာရရှိမှုနှင့် ဆေးဝါးကုသပေးနေမှု အခြေအနေကို အသေးစိတ်မေးမြန်း၍ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက်အလှူရှင်များဖြစ်ကြသည့် ကမ္ဘောဇဘဏ်လီမိတက်၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်၊ အောင်ချမ်းသာကုမ္ပဏီလီမိတက်နှင့် နောင်တုံကုမ္ပဏီလီမိတက်တို့က အလှူငွေများကို ဆေးရုံအုပ်ကြီး ဒေါက်တာစောလွင်ထံ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး စေတီတော်မွှာရံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ စေတီတော်အား လက်ယာရစ်လှည့်လည်ကြည်ညိုပြီး စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ထို့နောက် ဒုတိယသမ္မတသည် စေတီတော်ဂေါပကအဖွဲ့ရုံး၌ တာချီလိတ်မြို့ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ အခါ စာပေနှင့်ယဉ်ကျေးမှုကော်မတီနှင့် လားဟူ စာပေနှင့်ယဉ်ကျေးမှုကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကော်မတီတစ်ခုလျှင် ငွေကျပ်သိန်း ၂၀ စီကို ပေးအပ်လှူဒါန်းသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျကူနီကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် ဆန်အိတ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်သို့ ရောက်ရှိကြပြီး ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသီရိအား ဖူးမြော်ကြည်ညိုကာ အလှူငွေများဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မောတွီကျေးရွာရှိ ကျကူနီကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကယ်ဆယ်ရေးစခန်း ရှင်းလင်းဆောင်၌ ကယ်ဆယ်ရေးလုပ်ငန်းဦးစီးကော်မတီအဖွဲ့ဝင် တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ထွေးက ကျကူနီကျေးရွာ၌ ငလျင်လှုပ်ခတ်ခဲ့မှု၊ သေဆုံးဒဏ်ရာရရှိမှု၊ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ပို့ဆောင်ကုသပေးနေမှု၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှု၊ ငလျင်ဒဏ်သင့်ပြည်သူများ သောက်သုံးရေရရှိရေး ဆောင်ရွက်နေမှု၊ အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ငလျင်ဒဏ်သင့်ပြည်သူများထံရောက်ရှိအောင် စနစ်တကျ ဖြန့်ဝေပေးရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတက အလှူငွေနှင့် ဆန်အိတ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးက ဘိလပ်မြေအိတ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင် ကုမ္ပဏီငါးခုတို့က ကျကူနီကျေးရွာရှိ ငလျင်ဒဏ်သင့် အိမ်ထောင်စု ၁၄၆ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၉၂ သိန်းကိုလည်းကောင်း၊ ဝန်ကြီး ဦးအောင်ကြည်က အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက လှူဒါန်း သည့် ငွေကျပ် ၂၉၂ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

အားပေးစကားပြော

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဝန်ကြီး ဦးအောင်ကြည်တို့က ကျေးရွာမှ ပြည်သူများအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက အလှူရှင် ကုမ္ပဏီငါးခုက လှူဒါန်းသည့် အလှူငွေများကို တစ်အိမ်ထောင်လျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် ပြည်သူများထံ လက်ရောက်ပေးအပ်ပြီး ကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေး ဆေးခန်းဖွင့်လှစ်ထားရှိမှုနှင့် ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကျန်းမာရေးဆေးခန်းအတွက် ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး တာလေမြို့ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြသည်။

ဆောင်ရွက်ပေး

ရှေးဦးစွာ ကယ်ဆယ်ရေးစခန်း ရှင်းလင်းဆောင်၌ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသက်လွင်က တာချီလိတ်မြို့နယ် တာလေမြို့နယ်ခွဲရှိ မြို့ပေါ်ရပ်ကွက်များ၊ နားယောင်းကျေးရွာအုပ်စု၊ မိုင်းလင်း(အရှေ့)ကျေးရွာအုပ်စု၊ မိုင်းလင်း(အနောက်)ကျေးရွာအုပ်စုနှင့် ကျကူနီကျေးရွာတို့တွင် မတ် ၂၄ ရက်က အင်အားပြင်းထန်သော ငလျင်လှုပ်ခတ်ခဲ့မှုနှင့် ***စာမျက်နှာ ၈ ကော်လံ ၁ သို့***

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မိုင်းလင်းကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့်အိမ်ထောင်စုများအတွက် လှူဒါန်းသည့် ငွေကျပ်နှစ်သိန်းစီကို ပြည်သူများထံ လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

ထောက်ပံ့ငွေ ပေးအပ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာလေမြို့ ပြည်သူ့ဆေးရုံ ပြန်လည်တည်ဆောက်ရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နားယောင်းကျေးရွာမှ အိမ်ထောင်စု (၁၅၀)အတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ပျက်စီးဆုံးရှုံးခဲ့မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား သက်ဆိုင်ရာ ဒေသအာဏာပိုင်၏ ဦးဆောင်မှုဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့မှု၊ ကော်မတီများ စနစ်တကျဖွဲ့စည်းဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိရေး၊ သောက်သုံးရေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်နိုင်ရေး၊ လမ်းပန်းဆက်သွယ်မှု ပြန်လည်ကောင်းမွန်ရေး၊ ငလျင်ဒဏ်သင့်ပြည်သူများအား နေရာချထားရေး၊ ပျက်စီးသွားသော လူနေအိမ်ခြေများကို ပြန်လည်တည်ဆောက်ရေး စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ ငလျင်ဖြစ်ပွားသည့်အချိန်တွင် မိမိတို့နိုင်ငံအတွင်း အစိုးရအဖွဲ့သစ် ပြောင်းလဲဖွဲ့စည်းနေချိန်ဖြစ်ပါကြောင်း၊ ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ငလျင်ဒဏ်သင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများကို စနစ်တကျနှင့် မြန်ဆန်သောလျင်စွာ ဆောင်ရွက်ပေးခဲ့သကဲ့သို့ ယခုမိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းပြီးချိန်တွင်လည်း မိမိဦးဆောင်သည့် ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ငလျင်ဒဏ်သင့် နယ်မြေများအတွင်း ဆောင်ရွက်ဖွယ်ရာများကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုကဲ့သို့ ထပ်မံလာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း ငလျင်ဒဏ်သင့်နယ်မြေအတွင်းရှိ ပြည်သူများအတွက် လိုအပ်သည်များကို ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရတို့နှင့် တိုင်းရင်းသားလုပ်ငန်းရှင်များတို့ ပူးပေါင်းလက်တွဲ၍ ဖြည့်ဆည်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာချီလိတ်မြို့ ပြည်သူ့ဆေးရုံ၌ ငလျင်ဒဏ်သင့် လူနာများကို အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ အလားတူ အခြားသော လူမှုရေးအဖွဲ့အစည်းများကလည်း စေတနာဖြင့် ပါဝင်ကူညီလှူဒါန်းနေကြခြင်းအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း။

အိုးအိမ်ပျက်စီးဆုံးရှုံးသွားသည့် ပြည်သူများအတွက် ငွေကြေး၊ ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်း၊ ထိခိုက်ဒဏ်ရာရပြည်သူများအား ထိရောက်စွာ ဆေးဝါးကုသနိုင်ရေးနှင့် လိုအပ်သော ငွေကြေး၊ ဆန်၊ သောက်သုံးရေ၊ စက်သုံးဆီများကိုလည်း အမှန်တကယ်လိုအပ်နေသော ငလျင်ဒဏ်သင့်ပြည်သူများလက်တွင်းသို့ စနစ်တကျနှင့် တိုက်ရိုက်အမြန်ဆုံးရောက်ရှိစေရန် စီစဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ပထမအဆင့်အနေဖြင့် အရေးပေါ်အကူအညီ၊ ကယ်ဆယ်ရေး၊ အစားအသောက်၊ အဝတ်အစား၊ ယာယီနေအိမ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဦးစွာဆောင်ရွက်

ကျကူနီကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့် အိမ်ထောင်စုများအတွက် အလှူရှင်များက အလှူငွေများ ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးခဲ့ပြီးဖြစ်၍ ဒုတိယအဆင့်အနေဖြင့် ကျေးရွာများ ပြန်လည်နေရာချတည်ဆောက်ရေး၊ လမ်းတံတားများပြုပြင်ရေးနှင့် နောင်တွင်ဤကဲ့သို့ ငလျင်ဒဏ်အပါအဝင် သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းများကို အဆင့်လိုက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အားသွန်ခွန်စိုက်ဆောင်ရွက်

ထို့အပြင် ဆေးရုံ၊ ကျောင်း၊ သာသနိကအဆောက်အအုံများနှင့် လူနေအိမ်များကို ဦးစားပေးအဆင့်အလိုက် ပြန်လည်ထူထောင်တည်ဆောက်သွားရမှာဖြစ်ကြောင်း၊ ဤသို့ ပြန်လည်တည်ဆောက်ရာတွင် ဆေးရုံများကို အမြန်ဆုံး ပြန်လည်တည်ဆောက်နိုင်ရေးနှင့် စာသင်ကျောင်းများကို ကျောင်းဖွင့်ချိန်အမီ တည်ဆောက်ပြီးစီးနိုင်ရေးတို့အတွက် စေတနာရှင်ကုမ္ပဏီများ၏ အကူအညီရယူပြီး အမြန်ဆုံး ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ထို့အတူ ယခုကဲ့သို့ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီနှင့် စေတနာထက်သန်စွာဖြင့် ပါဝင်လှူဒါန်းသည့် တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ၏ ပံ့ပိုးမှုအားကိုရယူပြီး ဒေသခံပြည်သူများကလည်း မိမိတို့၏ နေအိမ်အဆောက်အအုံများ အမြန်ဆုံးတည်ဆောက်ပြီးစီးရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တာလေမြို့ မြို့ပေါ်ရပ်ကွက်များမှ ငလျင်ဒဏ်သင့်ပြည်သူ အိမ်ထောင်စု (၂၁၄) စုအတွက် ထောက်ပံ့ငွေကျပ် (၁၀၇)သိန်း၊ နားယောင်းကျေးရွာမှ အိမ်ထောင်စု (၁၅၀)အတွက် ငွေကျပ် (၇၅)သိန်း၊ တာလေမြို့ရှိ ဘုန်းတော်ကြီးကျောင်းများ ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း(၃၀၀)နှင့် ဆေးရုံ ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ် သိန်း(၃၀၀)တို့ကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထောက်ပံ့

ဆက်လက်၍ ဝန်ကြီး ဦးအောင်ကြည်က ငွေကျပ် (၁၂၅)သိန်းတန်ဖိုးရှိ အိမ်ရိုက်သံများနှင့် ငွေကျပ်သိန်း (၅၄၀)တန်ဖိုးရှိ ဘိလပ်မြေအိတ်များ၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက ပျက်စီးသွားသော အိမ်ခြေ (၆၇)လုံးအတွက် တစ်အိမ်လျှင်ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် (၁၃၄)သိန်းကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်မြတ်က ဆန်အိတ် (၁၀၀၀)ကိုလည်းကောင်း၊ အလှူရှင်ကုမ္ပဏီငါးခုက ငလျင်ဒဏ်သင့်အိမ်ထောင်စု (၃၆၄)စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ငွေကျပ် (၇၂၈)သိန်း၊ ဘာသာရေးအဆောက်အအုံရှစ်လုံး ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ် (၁၀၂၉)သိန်း၊ ခြောက်ခန်းတွဲစာသင်ဆောင်နှစ်ဆောင် ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း (၉၅၀)နှင့် လေးခန်းတွဲ စာသ...
(၃၄၇)သိန်း အပါအဝင် ပြန်လည်တည်ဆော...
လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတက ငလျင်ဒဏ်...
ပြည်သူများထံ လက်ရောက်ပေးအပ်သည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ...
သိန်း (၃၀)နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိ...

ဆက်လက်၍ တာလေမြို့ အမှတ်(၁)ရပ်...
ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် တက်...
ပစ္စည်းများ ဖြန့်ဝေပေးရန် စီစဉ်ထားရှိမှုကို ကြ...

ယင်းနောက် ကျိုင်းတုံ-မိုင်းဖြတ်-တာချီ...
ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ...

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်... အိမ်ထောင်စုများအတွက် လှူဒါန်းသည့် ငွေ...

ဦးလှထွန်းဦးက ငလျင်ဒဏ်ကြောင့် တံတား...
မျက်နှာပြင်လမ်းသားနှင့် ပြည်ထောင်စုလမ်း...
အက်ကွဲပျက်စီးခဲ့မှု၊ လမ်းသားမျက်နှာပြင်များအ...
နှင့် တာလေတံတားပေါ်တွင် မော်တော်ယာဉ်ကြီး...
ရန် ပေ ၆၀ တစ်လွှာ တစ်ထပ်ဘေလီတံတားအ...
ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ...
ဒုတိယဝန်ကြီးက တံတားကြီးအား ပြန်လည်ပြုပြ...
လမ်းမကြီးကို B.O.T စနစ်ဖြင့်တာဝန်ယူဆောင်...
ကုမ္ပဏီက ဆောင်ရွက်မည့်အခြေအနေနှင့် ဝန်...
နည်းပညာများ ပံ့ပိုးကူညီသွားမည့် အခြေအနေမျ...
တင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်မျ...
မိုင်းလင်းကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ မော်...
ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မိုင်းလင်းကျေးရွာ ကယ်ဆယ်ရေးစခန်း၌ လျှင်ဒဏ်သင့် ပြည်သူများအတွက် ဆန်အိတ်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတက လျှင်ဒဏ်သင့်ပြည်သူများအတွက် ဆန်အိတ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်ကြည်က ဘိလပ်မြေနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ဂွမ်းကပ်စောင်များနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အလှူရှင်ကုမ္ပဏီ ငါးခုတို့က လျှင်ဘေးဒဏ်သင့် အိမ်ထောင်စု (၁၉၂)စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ငွေကျပ် (၃၈၄)သိန်းကိုလည်းကောင်း၊ ဝန်ကြီး ဦးအောင်ကြည်က ပြိုကျပျက်စီးသွားသည့် အိမ်ခြေ (၅၈)လုံးအတွက် တစ်အိမ်လျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက လှူဒါန်းသည့် ငွေကျပ် (၁၁၆)သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယသမ္မတက လျှင်ဒဏ်သင့် အိမ်ထောင်စုများအတွက် လှူဒါန်းသည့်ငွေကျပ် နှစ်သိန်းစီကို ပြည်သူများထံ လက်ရောက်ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီး ဦးအောင်ကြည်က နားယောင်းကျေးရွာအုပ်စုရှိ ပြိုကျပျက်စီးသွားသော အိမ်ခြေ (၄၆)လုံးအတွက် ထပ်ဆောင်း၍ တစ်အိမ်လျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက လှူဒါန်းသည့် ငွေကျပ် (၉၂)သိန်းကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆေးဝါးပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ထောက်ပံ့ပစ္စည်းများဖြန့်ဝေရန် စီစဉ်ဆောင်ရွက်ထားမှုနှင့် ကျန်းမာရေးဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ည ၇ နာရီ ၁၀ မိနစ်တွင် ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျိုင်းတုံမြို့တွင် ညအိပ်ရပ်နားကြသည်။

ယခုခရီးစဉ်အတွင်း တာလေလျှင်ဒဏ်သင့် နယ်မြေအတွင်းရှိ ပြည်သူများနှင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် အဆောက်အအုံများ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီမှ ဆန်အိတ် (၁၀၀၀)၊ ငွေကျပ်သိန်း (၅၄၀)တန်ဖိုးရှိ ဘိလပ်မြေအိတ် (၁၂၀၀၀)၊ ငွေကျပ် (၁၂၅)သိန်းတန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ နေအိမ်များ ပြန်လည်ဆောက်လုပ်ရန် ထောက်ပံ့ငွေကျပ်သိန်း (၉၅၀)နှင့် လေးခန်းတွဲ စာသင်ဆောင်နှစ်ဆောင် ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ် (၃၄၇)သိန်း အပါအဝင် ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေစုစုပေါင်း ငွေကျပ် (၂၃၂၆)သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတက လျှင်ဒဏ်သင့် အိမ်ထောင်စုများအတွက် လှူဒါန်းသည့် ငွေကျပ်နှစ်သိန်းစီကို ပြည်သူများထံ လက်ရောက်ပေးအပ်သည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဝန်ကြီးဌာနမှ လှူဒါန်းသည့် အလှူငွေကျပ်သိန်း (၃၀)နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ တာလေမြို့ အမှတ်(၁)ရပ်ကွက်မှ ဦးလေးခိုင်က လျှင်ဒဏ်သင့် ပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးရန် စီစဉ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တာလေတံတား ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးလှထွန်းဦးက လျှင်ဒဏ်ကြောင့် တံတားချဉ်းကပ်လမ်း၊ တံတားမျက်နှာပြင်လမ်းသားနှင့် ပြည်ထောင်စုလမ်းမကြီး၏ လမ်းသားများ အက်ကွဲပျက်စီးခဲ့မှု၊ လမ်းသားမျက်နှာပြင်များအား ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် တာလေတံတားပေါ်တွင် မော်တော်ယာဉ်ကြီးများ ယာယီသွားလာနိုင်စေရန် ပေ ၆၀ တစ်လွှာ တစ်ထပ်ဘေလီတံတားအား ချက်ချင်းတည်ဆောက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တံတားကြီးအား ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် လမ်းမကြီးကို B.O.T စနစ်ဖြင့်တာဝန်ယူဆောင်ရွက်နေသည့် သော်တာဝင်းကုမ္ပဏီက ဆောင်ရွက်မည့်အခြေအနေနှင့် ဝန်ကြီးဌာနက လိုအပ်သည့် နည်းပညာများ ပံ့ပိုးကူညီသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် မိုင်းလင်းကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာချီလိတ်မြို့ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာလေမြို့ ကယ်ဆယ်ရေးစခန်း၌ လျှင်ဒဏ်သင့် အိမ်ထောင်စုများအတွက် လှူဒါန်းသည့် ငွေကျပ် နှစ်သိန်းစီကို ပြည်သူများထံ လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

ထောက်ပံ့ပစ္စည်းများ

တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မောတွီကျေးရွာရှိ ကျကူနီကျေးရွာ ကယ်ဆယ်ရေးစခန်း၌ လျှင်ဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့မည့် ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ငွေကျပ် (၆၃၄)သိန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ငွေကျပ်သိန်း (၃၀) တို့ကို လှူဒါန်းခဲ့သဖြင့် စုစုပေါင်း လှူဒါန်းငွေမှာ ငွေကျပ် (၁၃၂၉)သိန်း ဖြစ်သည်။ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနကလည်း ဆေးဝါးပစ္စည်းများကို ထောက်ပံ့လှူဒါန်းခဲ့သည်။

အလားတူ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ ဦးကျော်ဝင်း၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ဦးမြတ်ချိုဦး၊ အောင်ချမ်းသာကုမ္ပဏီလီမိတက်မှ ဦးနော်အောင်နှင့် နောင်တုံကုမ္ပဏီလီမိတက်မှ ဦးစိုင်းတင့်အောင်တို့က ဆေးရုံများပြန်လည်ပြုပြင်ရန်နှင့် ဒဏ်ရာရလူနာများအတွက် ထောက်ပံ့ငွေကျပ် (၄၂၆ ဒသမ ၅)သိန်း၊ လျှင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် (၁၈၅၄)သိန်း၊ အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင်လေးဆောင်ပြုပြင်ရန် ငွေကျပ် (၁၂၉၇) သိန်း၊ သာသနိက အဆောက်အအုံများပြုပြင်ရန်နှင့် သာသနာတော်ဆိုင်ရာ အလှူငွေကျပ် (၁၀၄၉)သိန်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများအတွက် ငွေကျပ်သိန်း (၆၀)၊ စုစုပေါင်းငွေကျပ် (၄၆၈၆ ဒသမ ၅)သိန်းတို့ကို စုပေါင်းထောက်ပံ့လှူဒါန်းခဲ့သဖြင့် တာလေလျှင်ဒဏ်သင့် နယ်မြေအတွင်းရှိ ပြည်သူများအတွက် စုစုပေါင်း အလှူငွေကျပ် (၆၀၁၅ ဒသမ ၅)သိန်း၊ ဆန်အိတ် (၁၀၀၀)နှင့်ဆေးဝါးပစ္စည်းများကို လှူဒါန်းခဲ့ကြသည်။

တာဝန်ယူဆောက်လုပ်

ထို့အပြင် သာသနိက အဆောက်အအုံရှစ်လုံး၊ တာလေမြို့ ပြည်သူ့ဆေးရုံ၊ ခြောက်ခန်းတွဲစာသင်ဆောင်နှစ်ဆောင်နှင့် လေးခန်းတွဲစာသင်ဆောင်နှစ်ဆောင်တို့ကို အသစ်ပြန်လည်တည်ဆောက်ရာတွင် အဆိုပါ အလှူရှင်ငါးဦးတို့က တည်ဆောက်ပြီးစီးသည်အထိ တာဝန်ယူဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိုးရွာသွန်းမှု ၃-၄-၂၀၁၁	
သံတွဲမြို့	၀ ဒသမ ၃၉ လက်မ
ကော့သောင်းမြို့	၀ ဒသမ ၂၈ လက်မ

ဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးရေးစီမံကိန်း မအူပင်၌ တာဝန်ပေးအပ်

မအူပင် ဧပြီ ၃

၂၀၁၁-၂၀၁၂ခုနှစ် ဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲကို မအူပင်ရုံး၌ မတ် ၁၆ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်း၊ ဂုန်လျှော်နှင့် ဂုန်လျှော်မျှင်များလုပ်ငန်း ဌာန ဇုန်မန်နေဂျာ ဦးအောင်မျိုးမြင့်၊ မြို့နယ်မန်နေဂျာ ဦးစောမန်ထော်နှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက စီမံကိန်း တာဝန်ပေးအပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဇုန်မန်နေဂျာ ဦးအောင်မျိုးမြင့်က ဌာနမှ ဆောင်ရွက်မည့် ပံ့ပိုးမှုနှင့် မိုးကြိုစိုက်ပျိုးမည့် စိုက်စနစ်များကို ရှင်းလင်း မှာကြားသည်။

ထို့နောက် မအူပင်မြို့နယ်တွင် မိုးကြို ဂုန်လျှော်၊ ချဉ်ပေါင်လျှော်ဧက ၁၁၇၅၀ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာအုပ်ချုပ်ရေးမှူးသို့ တာဝန်ပေးအပ်လွှာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ပန်းတနော်မြို့ဆေးရုံသို့ ဆေးဝါးပစ္စည်းများလှူဒါန်း

ပန်းတနော် ဧပြီ ၃

ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံနှစ်ရုံသို့ ငွေကျပ်သိန်း ၅၀တန်ဖိုးရှိ ဆေးဝါးပစ္စည်းများလှူဒါန်းပွဲကို မတ် ၁၉ ရက်က မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်မြို့(၂၇)လမ်းနေ (ရွှေဒဂုံး) ဒေါ်ကျင်တီအား အမှူးထား၍ အောင်သပြေကုမ္ပဏီလီမိတက် (ဖယောင်းပုဆိုးကော်ဇောရောင်းဝယ်ရေး)မိသားစုက ဆေးဝါးပစ္စည်းများကို လှူဒါန်းပြီး မြို့နယ်ကျန်းမာရေးကော်မတီအတွင်းရေးမှူးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်စန်းငွေးတို့က လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် မတ် ၁၉ရက် ညနေ ၃နာရီက ပန်းတနော်မြို့ သမိုင်းဝင်ရွှေမြင်တင် စေတီတော်မြတ်ကြီးအတွက် ထာဝရငွေပဒေသာပင် ကျပ်သိန်း ၁၀၀ကို ထပ်မံလှူဒါန်းသည်။ အောင်သပြေကုမ္ပဏီလီမိတက်က ပန်းတနော်မြို့နယ်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးငွေပဒေသာပင်နှင့် ဆေးဝါးပစ္စည်းများ နှစ်စဉ်လှူဒါန်းထားမှုမှာ ငွေကျပ် ၂၆၈သိန်းခန့်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လေးမျက်နှာမြို့နယ် လှော်ကထားတိုက်နယ်ဆေးရုံဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၃

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် မတ် ၂၄ရက် နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည့် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ထို့နောက် တိုင်းမှူးသည် တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းတွင် ထူးချွန်စွာ ကူညီဆောင်ရွက်ကြသူများအား ဆုများပေးအပ်ပြီးနောက် လေးမျက်နှာမြို့နယ် လှော်ကထားတိုက်နယ် ဆေးရုံသစ် ဖွင့်လှစ်ခြင်းနှင့် ကျန်းမာရေးဌာနသို့ လွှဲပြောင်းအပ်နှံခြင်း အခမ်းအနားသို့ တက်ရောက်သည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး အလှူရှင် ဦးတင်ဝင်း၊ သီရိသုဓမ္မသီဂီဒေါ်ခင်ကြည်တို့က တိုက်နယ်ဆေးရုံသစ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် အလှူရှင်တို့က တိုက်နယ်ဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(အပေါ်ပုံ)** ဆေးရုံသစ်အား ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ Kenbo မှ အဓိကကူညီပံ့ပိုးသော ၂၀၁၁ခုနှစ် သင်္ကြန်အကြို KENBO ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆဋ္ဌမပွဲစဉ်ကို ဧပြီ ၅ရက်တွင် မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတစ်ပွဲချင်းစီတွင် (အကျော်မဲ)ပုံစံဖြင့် အကောင်းဆုံး အပျော်တမ်းကစားသမား ၁၀ဦးအား ရွေးချယ်ပြီး ၂၀၁၁ခုနှစ် ဧပြီ ၇ရက်နှင့် ၈ရက်တို့တွင် ရွှေမန်းတောင်ဂေါက်ကလပ်၌ ကျင်းပမည့် ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ကျန်အပျော်တမ်းပြိုင်ပွဲဝင်များနှင့် အမျိုးသမီးပြိုင်ပွဲဝင်များအား (System 36) ဖြင့် တွက်ချက်ပြီး ဆုများချီးမြှင့်ပေးမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် ဧပြီ ၃ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဖုန်း-၀၉-၅၁၇၇၉၅၆၊ ၀၉-၂၀၂၇၆၇၁ တို့နှင့် မန္တလေးမြို့ ရွှေမန်းတောင် ဂေါက်ကလပ်တို့၌ အမည်စာရင်း ပေးသွင်းနိုင်သည်။

အဆိုပါ ၂၀၁၁ခုနှစ် သင်္ကြန်အကြို KENBO ဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အပျော်တမ်းဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကျူးကျော်ပျံ့ကျဈေး ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၏ ဝင်ပေါက်ဖြစ်သော ပင်လုံလမ်းမကြီးနှင့် ဗန္ဓုလလမ်းဆုံ၏ ၂၉ရပ်ကွက်နှင့် ၃၀ရပ်ကွက် ဘက်ခြမ်းရှိ ဗန္ဓုလလမ်းမကြီးဘေးတွင် ကျူးကျော်ပျံ့ကျဈေးရောင်းချနေသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်သည့်အပြင် စည်းကမ်းမဲ့စွန့်ပစ်ထားသော အညစ်အကြေးများကြောင့် ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် အဆိုပါကျူးကျော်ပျံ့ကျဈေးကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ ***ရပ်ကွက်သားတစ်ဦး***

လှည်းကူး - ဆားတလင်းလမ်း ပြုပြင်ပေးစေချင်

စာတည်းခင်ဗျား-

လှည်းကူးမြို့နယ်ရှိ ဒါးပိန်လမ်းဆုံဟုခေါ်သည့် လှည်းကူး-ဆားတလင်းလမ်းသည် ဖမိုင် ဖဲဖာလုံ့ရှည်ပြီး အဆိုပါလမ်းမှာပျက်စီးလျက်ရှိရာ ခရီးသွားပြည်သူများ သွားလာရန်ခက်ခဲ လျက်ရှိပါသဖြင့် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **လှည်းကူးသား**

ကားဘော်ဒီရုံကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ပုညဝတ္တုန လမ်းရှိ ကားဘော်ဒီနှင့်ဆေးမှုတ်ရုံသည် ရပ်ကွက်အတွင်း ပိတ်ရက်မရှိ လုပ်ကိုင်လျက်ရှိရာ မီးဘေးစိုးရိမ်ရပါသဖြင့် ၎င်းအလုပ်ရုံအား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးရန် တင်ပြအပ်ပါသည်။ ***မီးဘေးစိုးရိမ်သူ***

စားသောက်ဆိုင်မှ ညှော်နံ့ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းမပေါ် အမှတ်(၈) ရပ်ကွက်ရှိ တိုက်အမှတ် ၃၄၀ မြေညီထပ်တွင် ၎င်းရှမ်းဖွင့်လှစ်ထားသော ကြေးအိုးဆီချက်ဆိုင်တစ်ဆိုင်သည် နေ့ရောညပါ မီးသွေးမီးဖိုများ၊ ဂက်စ်မီးဖိုများဖြင့် ကြော်လှော်ချက်ပြုတ်ပြီး ညှော်နံ့များကို ဆက်တိုက်ပြုလုပ်နေသောကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်သည့်အပြင် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ဝက်ခြံမှအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းရှင်-

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် တေးဥယျာဉ်(၈) လမ်းတွင် မိလ္လာမြောင်းပေါ်၌ ဝက်များမွေးမြူလျက်ရှိရာ ဝက်မှထွက်သည့် အညစ်အကြေးနှင့်အနံ့ဆိုးများ၊ ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ကြပြီး ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ ***ရပ်ကွက်သူ ရပ်ကွက်သားများ***

ကျူးကျော် အိမ်များရှင်းလင်းပြီး

၁၃-၁၂-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **လားရှိုးမြို့ ရပ်ကွက်(၁၂)နယ်မြေ(၁၉)(၁၂/၇)တိုးချဲ့ ကွက်သစ်၌ ဦးပိုင်မြေအမှတ်(၁၈၆)၏ လမ်းရှေ့တွင် ကျူးကျော်အိမ်များ တည်ဆောက်ထားသောကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

လောင်စာဆီ၊ အက်စစ်ရောင်းဝယ်မှု ရှင်းလင်းပြီး

၂၅-၂-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ**လောင်စာဆီ၊ အက်စစ်ရောင်းဝယ်မှုကြပ်မတ်ပေးစေလို** ပေးစာနှင့်စပ်လျဉ်း၍ မြန်အောင်မြို့ ကြာနီကန်လမ်းဆုံအနီး တရားမဝင်စက်သုံးဆီအရောင်းဆိုင်၊ ရွှေချွတ်ဆိုင်တို့၌ လောင်စာဆီများ၊ အက်စစ်အပြင်းများ သိုလှောင်အသုံးပြုရောင်းချနေခြင်းကို ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

သောက်ရေကန်အနီး အမှိုက်ပုံ ရှင်းလင်းပြီး

၂၁-၃-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဖျာပုံမြို့ အမှတ် (၁၀)ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် (၁၁)လမ်းထောင့်ရှိ သောက်ရေကန်အနီး အမှိုက်ပုံကို ရှင်းလင်းပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ကြက်ခြံမှအနံ့ဆိုးများ မထွက်စေရေးဆောင်ရွက်ပြီး

၉-၁၁-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် နယ်မြေ(၁၂) လမ်းမကြီးဘေးရှိ ကြက်ခြံမှအနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်** ပေးစာနှင့်ပတ်သက်၍ ကြက်ခြံမှ အနံ့ဆိုးများမထွက်ရှိစေရေး ကြီးကြပ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက်လမ်းသွယ် (၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

နှစ်(၄၀)ပြည့် မင်္ဂလာဆုတောင်း

ဖေဖေဦးမြင့်ကြည် (Director Engineer Myat Noe Thu Co., Ltd.)နှင့် မေမေဒေါ်မကြီးတို့ရဲ့ ၄-၄-၂၀၁၁ရက်တွင် ကျရောက်သော ဂုဏ်ရည်ကြည်နူးဖွယ် နှစ်(၄၀)ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ် ၁၀၀တိုင် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ သာယာချမ်းမြေ့ပျော်ရွှင်သောဘဝလမ်းခရီးကို ပိုင်ဆိုင်လျှောက်လှမ်းနိုင်ပါစေ။

သားကြီး - ဦးကျော်မျိုးထွန်း (အင်ဂျင်နီယာမှူး၊ အထူးစီမံကိန်းကြီးအဖွဲ့-၃၊ ဧရာဝတီတံတား၊ ပခုက္ကူ)-ဒေါ်စောနီလာမောင်

သားလတ် - ကိုမျိုးမင်းကြည် (Facade Engineer, Permasteelisa Co., Ltd. Singapore)-မဇင်မာဝင်း (Planning Engineer, Senbawany ENC, Singapore)

သားငယ် - ဗိုလ်ကြီးတိုးနိုင်ထက် (Ophthal Mologist)- ဒေါက်တာယမင်းနိုင် (Product Executive, Samofi Aventis)

ချစ်မြေးများ- မေကျော်၊ ရှင်းခန့်၊ သူရကျော်၊ ပိုင်ဇင်။

(၂၉)နှစ်ပြည့် မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ ဦးသန်းငွေနှင့် ချစ်မေမေ ဒေါ်မွန်မွန်သန်း(ခ)ဒေါ်စံပယ်တို့၏ ၄-၄-၂၀၁၁ရက်တွင် ကျရောက်သော (၂၉)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်မင်္ဂလာချစ်ခရီး နှစ်ပေါင်းများစွာတိုင် သာယာဖြောင့်ဖြူးသောဘဝခရီးလမ်းကို ချစ်သား၊ ချစ်သမီးများနှင့်အတူ သက်ဆုံးတိုင် လျှောက်လှမ်းနိုင်ပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးကို အတူတကွဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ချစ်သားကြီး - စည်သူသန်းငွေ(ဆည်မြောင်းဦးစီးဌာန)

ချစ်သားလတ် - ဝေဟင်သန်းငွေ-ယဉ်ယဉ်သန်း(အောင်ရတနာရောင်းဝယ်ရေး)

ချစ်သမီး - ဝေမွန်မွန်အောင်(ဆည်မြောင်းဦးစီးဌာန)။

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်စေတနာ(စီ)ရပ်၊ ၁ လမ်း၊ အမှတ် ၈၆နေ **မောင်သက်နိုင်ထူး** ၈/မကန(နိုင်)၁၇၃၁၁၂နှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့မရပ်၊ အနောက်မြို့ပတ်လမ်း၊ အမှတ်(မ/၂၂၀)နေ **မနန်းသဉ္ဇာနွဲ့** ၁၃/တကန(နိုင်)၂၁၂၇၃၀တို့သည် ၉-၃-၂၀၁၁ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းတရားရုံး၌ နှစ်ဦးသဘောတူလက်ထပ်ထိမ်းမြားပြီးစီးပါကြောင်း။

မောင်သက်နိုင်ထူး ၈/မကန(နိုင်)၁၇၃၁၁၂
မနန်းသဉ္ဇာနွဲ့ ၁၃/တကန(နိုင်)၂၁၂၇၃၀။

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၆၀၊ မြေကွက်တည်နေရာ အမှတ် ၆၂၊ မယ်စီကုန်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ် ဒေါ်ကျင်အေး၊ ဦးလှသန်း အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် မိခင် ဒေါ်ကျင်အေး၊ ဖခင် ဦးလှသန်း ကွယ်လွန်သဖြင့် ဦးသိန်းဇော်ဦး ၁၀/မလမ(နိုင်)၀၁၉၈၉၄၊ ဦးအောင်မိုးလွင် ၁၂/လမန(နိုင်)၁၂၁၆၀၇ တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကတ/၄၂၈၇၉ Honda Wave NF 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျရှီးကျို ၁၃/မဆန(နိုင်)၁၀၆၄၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊ ကျိုင်းတုံ။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကတ/၄၁၆၂၅ Honda Wave NF 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျကျိုခါး ၁၃/မဆန(နိုင်)၀၁၈၀၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊ ကျိုင်းတုံ။

အမည်ပြောင်း

ဦးချစ်သန်းဦး၏သား နမ္မတီး အထက-၁ န၀မတန်း(E)မှ မောင်ရန်အောင်ကိုအား မောင်အောင်ကိုကိုပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ကိုကိုပိုင်။

ဖခင်အမည်မှန်

နမ္မတီးမြို့၊ အထက၊ အဋ္ဌမတန်းမှ မောင်နော်ဆိုင်း၏ ဖခင်အမည်မှန်မှာ ဦးကိုင်ဂျီးနော် ၁/မညန(နိုင်)၁၀၁၃၂၁ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယညဏရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ^ခ)၊ မြေကွက်အမှတ်(၄/၂၉၈)သည် ငယ်စာရင်းတွင် အမည်မသိဖြင့်ပါရှိပြီး သက်ဆိုင်ရာ ရပ်ကွက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်နှင့် ဦးဖျက်ဇာဟုမ်းထံမှ မေတ္တာဖြင့် ပေးကမ်းခြင်း ကတိစာချုပ်ဖြင့် ရရှိထားသူ ဦးဇန်ကုန်း ၄/ဟခန(နိုင်)၀၂၄၁၈၉ က ဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယညဏရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ^ခ)၊ မြေကွက်အမှတ်(၄/၁၈၁)၊ ကာယ ၁၀ လမ်းရှိ မြေကွက်ကို ငယ်စာရင်းအမည်ပေါက် ဒေါ်ခင်ငွေမြင့်ထံမှ ၂၁-၃-၂၀၁၁ ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဝင်းရွှေ(ခ)ကျောချီးကန် ၁၃/လလန(နိုင်)၀၃၁၃၁၆ က ဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၈၊ မြေကွက်အမှတ် ၄၀၃(က+ခ)၊ မြေကွက်တည်နေရာအမှတ် ၄၀၃(က+ခ)၊ ဦးပုညလမ်း၊ (၈)ရပ်ကွက် ဦးစိုးဝင်း ၁၂/ဥကမ(နိုင်)၀၅၈၁၅၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးစိုးဝင်း ကွယ်လွန်သဖြင့် ဒေါ်သေးသေး(ခ)ဒေါ်မြင့်မြင့်စန်း ၁၂/လသယ(နိုင်)၀၃၉၉၂၈က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ငှက်ဖျားရောဂါကာကွယ်ရေး ယင်းမာပင်၌ သင်တန်းဖွင့်

ယင်းမာပင် ဧပြီ ၂

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မတ် ၂၁ ရက်နှင့် ၂၂ ရက်က ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး မွမ်းမံသင်တန်းဖွင့်လှစ်ရာ တိုင်းဒေသကြီး ငှက်ဖျားရောဂါတိုက်ဖျက်ရေးခေါင်းဆောင် ဒေါက်တာ ကျော်စွာမြင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ တင့်ဆွေ **(အောက်ပုံ)**တို့က ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်၍ ဆွေးနွေးပို့ချသည်။

အဆိုပါ သင်တန်းသို့ ယင်းမာပင်မြို့နယ်မှ အခြေခံကျန်းမာရေးဝန်ထမ်း ၅၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အထက(၄)ပုသိမ်(ယခင်ပိုးကရင်ကျောင်း) ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲကိုမတ် ၂၆ ရက်က ကျင်းပရာ ဆရာ ဆရာမကြီးများနှင့် အငြိမ်းစား ကျောင်းဝန်ထမ်း ၆၅ ဦးတို့အား ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိကန်တော့ပစ္စည်းများဖြင့် ကန်တော့လှူဒါန်းကြစဉ်။ (၀၇၇)

မော်လမြိုင်မြို့ရှိ သွားတော်ဓာတ်တော်နှင့် ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲအတွက် မတ် ၁၉ ရက်က မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း ဆီဆုံရပ် အမှတ် (၃၃)နေ ဦးငွေလှိုင်-ဒေါ်ကြင်ရီ တက်နေထွန်းလက်ဖက်ဆိုင်သားသမီးမြေးမိသားစုက ငွေကျပ် ၃၂ သိန်း ငါးသောင်းပေးအပ် လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစန်းမြင့်နှင့် ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းတို့က လက်ခံယူစဉ်။ (၁၀၇)

ရှင်းလင်းတင်ပြ

ခရိုင်ချင်းဆက်လမ်း အမှတ် (၁) တိုက်ကြီးမြို့နယ်အပိုင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုကို မတ် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် ကြည့်ရှုစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ သူရ ဦးမြင့်သူ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏

(၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ယနေ့ ညနေ ၃ နာရီ မိနစ် ၂၀ တွင် အထူးလေယာဉ်ဖြင့် မန္တလေးမြို့မှ နေပြည်တော်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဦး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၄* ❖

ကျောက်မျက်ရတနာပြတိုက်လေ့လာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်နှင့်အဖွဲ့ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)